# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 30, 2019 Volume 26, Number 19


**၃၀.၁၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၁၅/-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၉၇၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၈၇/- ကျပ် |
| CBM Rate | = ၁၄၇၉.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၅၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၆.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၇.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၃.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၁.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၇၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၀၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၂၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရွှေချောင်း၊ ရွှေတုံးနှင့်ရွှေဒင်္ဂါးပိုင်ဆိုင်ခြင်း ဗဟိုဘဏ်မှခွင့်ပြုချက်ယူရန် ဥပဒေကြမ်းတွင်ပါဝင်လာ




စံချိန်မီရွှေဟုသတ်မှတ်ထားသော ရွှေချောင်း၊ ရွှေတုံးနှင့် ရွှေဒင်္ဂါးကို ပိုင်ဆိုင်ခြင်းအတွက် ဗဟိုဘဏ်၏ခွင့်ပြုချက်ယူရမည်ဟု နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေကြမ်းတွင် ပြဋ္ဌာန်းထားသည်။ ထိုဥပဒေကြမ်းတွင် သန့်စင်မှု ၉၉ ဒသမ ၅ ရာခိုင်နှုန်းအထက်ရှိရွှေများကို စံချိန်မီရွှေဟုသတ်မှတ်ပြီး ပိုင်ဆိုင်ခြင်းကို ကန့်သတ်ခြင်းဖြစ်ကာ ကျန်ရွှေများကို တစ်ကိုယ်ရေသုံးအတွက် ကန့်သတ်ခြင်းမရှိဟုဆိုထားသည်။ “စံချိန်မီရွှေကို နိုင်ငံခြားသုံးငွေအဖြစ် သတ်မှတ်လိုက်တော့ နိုင်ငံခြားသုံးငွေစာရင်းဝင်သွားရင် ဗဟိုဘဏ်ခွင့်ပြုချက်တို့၊ ဗဟိုဘဏ်ထောက်ခံချက်တို့လိုသွားတာပေါ့။ ငွေဆိုတဲ့အဓိပ္ပာယ်ဝင်သွားတာကိုး”ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော် ဝင်းကဆိုသည်။ ယခုဥပဒေကြမ်းတွင် စံချိန်မီရွှေကို နိုင်ငံခြားငွေအဖြစ်သတ်မှတ်ခဲ့ပြီး ပိုင်ဆိုင်ခြင်းအပြင် ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ချေးငှားခြင်းတို့ကို ဗဟိုဘဏ်က ကန့်သတ်ခြင်းဖြစ်သည်။ ထို့ကြောင့် သတ်မှတ်ကာလအတွင်း ကိုင်ဆောင်ခွင့်ရှိပြီး သတ်မှတ်ကာလကုန်ဆုံးပါက ဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းချရမည်ဟု ဥပဒေ ကြမ်းတွင် ပြဋ္ဌာန်းထားသည်။

စံချိန်မမီရွှေဟုခေါ်သော အခြားရွှေများကို လက်ရောက်ဝယ်ယူခြင်း (သို့မဟုတ်) ရောင်းခြင်းနှင့် ပြည်ပတင်ပို့ခြင်းတို့ကို ဆောင်ရွက်နိုင်သည်ဟုလည်း ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ သို့သော် တင်သွင်းခြင်းကို ဗဟိုဘဏ်၏ ခွင့်ပြုချက်ယူရမည်ဟု ဆိုထားသည်။ ချေးယူခြင်းနှင့် ချေးငှားခြင်းများကိုလည်း ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် သာ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။

**Source:** https://7day.news/174628

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၄၉၅ ကျပ်ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လနောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်လာ

ဒီဇင်ဘာ ၂၇ ရက်တွင် ကမ္ဘာ့ဒေါ်လာဈေး အညွှန်းကိန်း ၉၇ ပွိုင့်ဝန်းကျင်ရှိပြီး ပြည်တွင်းဈေးကွက်၌ နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၄၉၅ ကျပ်ဝန်းကျင်အထိ ကျဆင်းခဲ့ကာ ၂၀၁၈ ခုနှစ် ဩဂုတ်လနောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံမှသိရသည်။ ပြီးခဲ့သည့် ခြောက်လအတွင်း အမြင့်ဆုံး ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ဒေါ်လာဈေး အညွှန်းကိန်းများမှာ ဇွန်တွင် ၉၇ ဒသမ ၆၉ ပွိုင့်၊ ဇူလိုင်တွင် ၉၇ ဒသမ ၉၁ ပွိုင့်၊ ဩဂုတ်တွင် ၉၈ ဒသမ ၉၅ ပွိုင့်၊ စက်တင်ဘာတွင် ၉၉ ဒသမ ၂၈ ပွိုင့်၊ အောက်တိုဘာတွင် ၉၉ ဒသမ ၂၉ ပွိုင့်၊ နိုဝင်ဘာတွင် ၉၈ ဒသမ ၄၃ ပွိုင့်ဖြစ်သည်။

ပြည်တွင်းဈေးကွက်တွင် နိုင်ငံခြားငွေ လဲနှုန်း ၂၀၁၈ ခုနှစ် ဇွန်လမှစတင်ကာ သိသိသာသာမြင့်တက်ခဲ့ရာ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် တစ်ဒေါ်လာ ၁၄၃၈ ကျပ်စံချိန်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျပ် ၁၄၄၀ ဖြင့် ချိုးခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် ကျပ် ၁၅၇၀ ဖြင့် စံချိန်တင်ထား ကာ စက်တင်ဘာ ၁၈ ရက်တွင် ၁၅၈၅ ကျပ်၊ စက်တင်ဘာ ၁၉ ရက်တွင် ၁၆၂၂ ကျပ်၊ စက် တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ ဖြင့် အမြင့်ဆုံး စံချိန်ထပ်တင်ခဲ့သည်။ ဒေါ်လာဈေးသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျပ် ၁၄၈၀ အထိ ကျဆင်းခဲ့ သော်လည်း တစ်လအတွင်း ဆက်တိုက်မြင့် တက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ အထိ အမြင့်ဆုံးစံချိန်တင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂၀၁၈ ခုနှစ် အောက်တို ဘာ၃ ရက်တွင် ၁၅၁၅ ကျပ်အထိ ပြန်ကျခဲ့သော်လည်း အောက်တိုဘာ ၁၀ ရက်တွင် ကျပ် ၁၅၉၀၊ အောက်တိုဘာ ၁၁ ရက်တွင် ကျပ် ၁၆၀၀ အထိ ပြန်လည်မြင့်တက်ခဲ့ သည်။ ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၁၅၁၀ ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး၊ ဒီဇင်ဘာ ၁၂ ရက်တွင် ၁၅၇၇ ကျပ်အထိ ပြန်လည်မြင့်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျပ် ၁၅၄၀၊ ဇန်နဝါရီ ၁၅ ရက်တွင် ၁၅၁၅ ကျပ် အထိ၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၁၅၀၃ ကျပ် အထိ ကျဆင်းခဲ့သည်။ မတ် ၁၈ ရက်တွင် ၁၅၂၇ ကျပ်အထိ မေ ၁၄ ရက်တွင် ၁၅၃၈ ကျပ်အထိ ပြန်တက်ခဲ့ပြီး ဇွန် ၁ ရက်တွင် ၁၅၂၉ ကျပ်ဝန်းကျင် ရှိခဲ့သည်။ ဩဂုတ် ၂၆ ရက်တွင် ၁၅၁၄ ကျပ်ဝန်းကျင် ဖြစ်ပေါ်ခဲ့ ပြီး စက်တင်ဘာ ၆ ရက်တွင် ၁၅၆၅ ကျပ် အထိ မြင့်တက်ခဲ့ကာ ဒီဇင်ဘာ ၂ ရက်တွင် ၁၅၀၇ ကျပ်အထိ ပြန်လည် ကျဆင်းခဲ့သည်။

ပြည်တွင်းဈေးကွက်၌ တစ်နှစ်အတွင်းအတွင်း လအလိုက်ဖြစ်ပေါ်သော နိုင်ငံခြား ငွေလဲနှုန်းအနိမ့်ဆုံးနှင့် အမြင့်ဆုံးနှုန်းများမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် ၁၅၁၀-၁၅၇၇ ကျပ်၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၅၁၄-၁၅၄၀ ကျပ်၊ ဖေဖော်ဝါရီတွင် ၁၅၀၃-၁၅၂၉ ကျပ်၊ မတ်တွင် ၁၅၀၈ -၁၅၂၇ ကျပ်၊ ဧပြီတွင် ၁၅၀၄-၁၅၂၅ ကျပ်၊ မေတွင် ၁၅၁၆-၁၅၃၈ ကျပ်၊ ဇွန်တွင် ၁၅၁၇-၁၅၂၉ ကျပ်၊ ဇူလိုင်တွင် ၁၅၀၈-၁၅၁၇ ကျပ်၊ ဩဂုတ်တွင် ၁၅၁၀-၁၅၂၆ ကျပ်၊ စက်တင်ဘာတွင် ၁၅၂၇-၁၅၆၅ ကျပ်၊ အောက်တိုဘာတွင် ၁၅၂၈-၁၅၃၇ ကျပ်၊ နိုဝင်ဘာတွင် ၁၅၁၀-၁၅၂၄ ကျပ်တို့ဖြစ်သည်။ ပြည်တွင်းဈေးကွက်အတွင်း ဒီဇင်ဘာ ၂၇ ရက်တွင် ဖြစ်ပေါ်သော အခြားနိုင်ငံခြားငွေကြေးများ၏ လဲလှယ်မှုနှုန်းထားများမှာ ယူရို ၁၆၅၀ ကျပ်၊ စင်ကာပူဒေါ်လာ ၁၀၉၉ ကျပ်၊ မလေးရှားရင်းဂစ် ၃၅၈ ကျပ်၊ ထိုင်း ဘတ် ၄၉ ဒသမ ၆ ကျပ်၊ တရုတ်ယွမ် ၂၁၂ ကျပ်ဖြစ်သည်။



Source: https://news-eleven.com/article/151382

## ပြည်တွင်းအခေါက်ရွှေ တစ်ကျပ်သား ကျပ် ၁၂ သိန်းခန့်အထိ ပြန်လည်မြင့်တက်

ပြည်တွင်းအခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၂ သိန်းခန့်အထိ ပြန်လည်မြင့်တက်လာကြောင်း ပြည်တွင်းရွှေဈေးကွက်မှ ဒီဇင်ဘာ ၂၇ ရက်

တွင်သိရသည်။ ဒီဇင်ဘာ ၂၇ ရက်က ရွှေဈေးကွက်အတွင်း နံနက်ပိုင်း အဖွင့်ဈေး အခေါက်ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၁၁၉၇၅၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး ဒီဇင်ဘာပိတ်ရက်များအတွင်း အမြင့်ဘက်သို့ ပြန်လည်ဦးတည်လာခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၃ ရက် နံနက် ပိုင်းက ရွှေဈေးအဖွင့်ဈေးတွင် ကျပ် ၁၁၈၃၅၀၀ ဖြင့် အရောင်းအဝယ် ပြုလုပ်ခဲ့သဖြင့် ငါးရက်အတွင်း တစ်ကျပ်သားလျှင် ကျပ် ၁၄၀၀၀ ခန့် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ရွှေဈေးမြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးမှာလည်း လိုက်ပါမြင့်တက်ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးမှာ ဒီဇင်ဘာ ၂၃ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၈၂ ဖြင့် ရောင်းဝယ်ခဲ့ရာမှ ဒီဇင်ဘာ ၂၇ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၁၃ ဖြင့် ရောင်းဝယ်ခဲ့သဖြင့် တစ်အောင်စလျှင် ၃၁ ဒေါ်လာခန့် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဒေါ်လာငွေလဲနှုန်းမှာလည်း ဒီဇင်ဘာ ၂၃ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၄၉၇ နှင့် ရောင်းဈေးကျပ် ၁၅၂၀ ရှိခဲ့ရာမှ ဒီဇင်ဘာ ၂၇ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၄၉၃ ကျပ်နှင့် ရောင်းဈေး ၁၄၉၇ ကျပ် ရှိခဲ့သဖြင့် ငါးရက်အတွင်း တစ်ဒေါ်လာလျှင် ငါးကျပ်ခန့်ကျဆင်း ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/132977.html

## မူဆယ်(၁၀၅)မိုင်ရှိ သစ်သီးအရောင်းကွင်း ကုန်တင်ယာဉ်များ ဝင်ကြေး ၃၀ ရာခိုင်နှုန်းတိုးမည်



ပြည်တွင်းမှ တရုတ်ဈေးကွက်သို့ တင်ပို့နေသည့် သီးနှံများ အရောင်းအဝယ်ပြုလုပ်နေသော မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ရှိ အရှေ့မြောက်တံခါး အများနှင့်ဆိုင်သောကုမ္ပဏီမှ ဖွင့်လှစ်ထားသည့် သစ်သီးအရောင်းကွင်းအတွင်း ကုန်တင်ယာဉ်များအား ကွင်းဝင်ကြေး နှုန်းထားကောက်ခံမှုကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်၍ ၃၀ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။ ဝင်ကြေး ကောက်ခံရာတွင် နှုန်းထားလေးမျိုးရှိ၍ ယခင်နှုန်းထားထက် တိုးမြှင့်ကောက်ခံမည့်အကြောင်းကို ဒီဇင်ဘာ ၂၃ ရက်က သစ်သီးပွဲရုံများအားလုံးနှင့် ဌာနဆိုင်ရာသို့ အကြောင်းကြားဖြန့်ဝေခဲ့ကြောင်း အရှေ့မြောက်တံခါး အများနှင့်ဆိုင်သောကုမ္ပဏီမှသိရသည်။ "ကွင်းကြေးနှုန်းထားက အရင်နှုန်းထက် ၃၀ ရာခိုင်နှုန်းတိုးပြီး အသစ်ကောက်ခံမယ်လို့ အကြောင်းကြားလာတယ်။ အရောင်းအဝယ်လုပ်တဲ့ကွင်းက မြန်မာဘက်ကအများပိုင် ကုမ္ပဏီပိုင်ဆိုတော့ သူတို့သတ်မှတ်တဲ့နှုန်း ပေးရမှာပါ။ သူ့ကွင်းမှာပဲ ရောင်းရတာဆိုတော့ မပေးချင်ရင်မရောင်းနဲ့ပေါ့။ ကွင်းက ကိုယ့်မြန်မာဘက်မှာရှိတယ်"ဟု မိန်းမိန်းသစ်သီးပွဲရုံ(မူဆယ်)မှ ဦးနိုင်ကပြောသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်ကောက်ခံမည့် ယာဉ်တစ်စီးချင်းစီ၏နှုန်းထားမှာ ၁၂ ဘီးတွဲယာဉ်-ယွမ် ၂၀၀၊ ခြောက်ဘီးယာဉ်- ယွမ် ၁၃၀၊ ဒိုင်နာယာဉ် ယွမ် ၈၀၊ လိုက်ထရပ်/ဟိုင်းလတ် ယွမ် ၄၀ တို့ဖြစ်ပြီး ယခင်နှုန်းထားများမှာ ၁၂ ဘီးယာဉ်- ယွမ် ၁၅၀၊ ခြောက်ဘီးယာဉ်- ယွမ် ၁၀၀၊ ဒိုင်နာယာဉ် ယွမ် ၆၀၊ လိုက်ထရပ်/ဟိုင်းလတ်ယာဉ် ယွမ် ၃၀ တို့ဖြစ်ရာ ၃၀ ရာခိုင်နှုန်းတိုးမြှင့် ကောက်ခံခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်တို့ သီးနှံကွင်းထဲမှာ အရောင်းအဝယ်လုပ်ကြတယ်။ ဝမ်တိန် ကွင်းက တရုတ်ဘက်မှာရှိပြီး ကွင်းချိန်းအသီးလှယ်တာပါ။ ကျွန်တော်တို့ ဝန်ဆောင်မှုက သီးနှံကွင်းမှာ တရုတ်ဘက်က ကုန်သည်တွေကို ခေါ်ယူပေးတယ်။ အရောင်းအဝယ်အဆင်ပြေအောင် ရောက်လာတဲ့ကားတွေကို နာမည်အတိုင်း သူ့လိုင်းနဲ့ သူစဉ်ပေးထားတယ်။ အဲဒီကုန်သည်က လာရောင်းရုံပဲ"ဟု အရှေ့မြောက်တံခါးကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးကရှင်းပြသည်။ အရှေ့မြောက်တံခါး သစ်သီး အရောင်းကွင်းသည် ဧက ၄၀ ခန့်ကျယ်ဝန်းပြီး ကုန်တင်ယာဉ်အစီးရေ ၈၀၀ ကျော်ရပ်နားနိုင်ကြောင်း၊ တရုတ်ဈေးကွက်သို့ တင်ပို့လာသည့် သီးနှံများကို သစ်သီးအရောင်းကွင်းသို့ တရုတ်ကုန်သည်များက လာရောက်ဝယ်ယူကြရာ အရောင်းအဝယ် ဖြစ်ပါက သစ်သီးများကိုတရုတ်ပြည်ဝမ်တိန်ကွင်းသို့ ဆက်လက်ပို့ဆောင်ပေးရကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/133029.html

## မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်သို့ ယခုရက်ပိုင်းအတွင်း ဖရဲကားဝင်ရောက်မှုများနေပြီး တစ်ရက်လျှင် သစ်သီးတင်ယာဉ် အစီးရေ ၄၀၀ ခန့်ဝင်ရောက်



တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချလျက်ရှိသည့် ဖရဲသီး၊ သခွားသီးတင်ယာဉ်များ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ် (၁၀၅) မိုင်နယ်စပ် ကုန်သွယ်ရေးဇုန်အတွင်းရှိ သစ်သီးဝလံဈေးကွက် အတွင်းသို့ ဒီဇင်ဘာလအတွင်း တစ်ရက်လျှင် ယာဉ်စီးရေ ၄၀၀ နီးပါးအထိ ဝင်ရောက်လျက်ရှိကြောင်းသိရသည်။ဒီဇင်ဘာလအတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) မန္တလေး-လားရှိုး- မူဆယ်ပြည်ထောင်စုကားလမ်းမကြီး ပေါ်တွင် နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းလျက်ရှိပြီး လမ်းပန်း ဆက်သွယ်မှုအခြေအနေ ပုံမှန်အနေအထား အတိုင်းရှိနေသောကြောင့် သစ်သီးတင်ယာဉ်များ ပုံမှန်ဝင်ရောက်လျက်ရှိနေခြင်းဖြစ်ကြောင်းသိရသည်။ “ လက်ရှိနယ်မြေအခြေအနေက ကောင်းမွန်မှု ရှိတယ်။ မူဆယ်- လားရှိုး- မန္တလေးပြည်ထောင်စု လမ်းကြောပေါ်မှာလည်း ပစ်တာခတ်တာဒီလအတွင်းမရှိဘူး။ သစ်သီးတွေကလည်း ဒီအချိန်လှိုင်လှိုင် စထွက်တော့မယ့်အချိန်ဆိုတော့ နယ်မြေအခြေအနေ တည်ငြိမ်ပါစေလို့ပဲ ဆုတောင်းရတာပေါ့။ ဒါမှ သစ်သီးကားတွေ ပုံမှန်အတိုင်း သယ်ယူရောင်းဝယ်နိုင်မယ်။ ဒါမှသစ်သီးကုန်သည်တွေနဲ့သစ်သီးဝလံစိုက်ပျိုးသူတွေ ပျော်နိုင်မှာပေါ့” ဟု မူဆယ်မြို့ (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်တွင် သစ်သီးဝလံရောင်းဝယ်မှုပြုလုပ်နေသူ ဦးကိုကြီးကပြောကြားသည်။

ယခုလအတွင်း မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံကုန်စည်ဈေးကွက်အတွင်းသို့ ဖရဲနှင့်သခွား မွေး တင်ယာဉ်အများအပြား လာရောက်ရောင်းချလျက်ရှိနေကြပြီး ဈေးကောင်းရနေကြောင်းသိရသည်။ “ အခုက မြန်မာပြည် အလယ်ပိုင်းဒေသကထွက်တဲ့ ဖရဲတွေအများအပြားလာပြီးရောင်းချကြတယ်။ နောက်ပြီး ရန်ကုန်တိုင်းဒေသကြီး ခရမ်း၊ သုံးခွ ဘက်က ဖရဲတွေလည်းဝင်တယ်။ တချို့က နယူးရီးယားနဲ့ တရုတ်နှစ်သစ်ကူးအချိန်တွေမှာ ရောင်းနိုင်ဖို့ချိန်ပြီး စိုက်ကြတော့ ဖရဲသီးကားတွေ ဒီလပိုင်းကစပြီး ဝင်တော့မယ်။ အခုက ဖရဲသီးကားတွေ တစ်ရက်ကို အစီးရေ ၃၀၀ ဝန်းကျင်လောက်ဝင်တယ်။ သခွားတင်တဲ့ကားက အစီးရေ ၁၀၀ နီးပါးလောက်ဝင်တယ်။ ဖရဲသီးတင်တဲ့ကားက အရင်နှစ်ကဆိုရင် တစ်ရက်ကို အများဆုံး အစီးရေ ၇၀၀၊ ၈၀၀ လောက်ထိဝင်တယ်။ ဒီလကစပြီး ဖရဲသီးတင်တဲ့ကားတွေ ဒီထက်ပိုဝင်လာတော့မှာပါ” ဟု မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်မှ ဒေါ်ရီရီခိုင်ကပြောကြားသည်။ ဒီဇင်ဘာလအတွင်း ဖရဲတစ်ကီလိုလျှင် အနိမ့်ဈေး ၂ ဒသမ ၅ ယွမ်မှ အမြင့်ဈေး ၃ ဒသမ ၅ ယွမ်၊ သခွားမွေးတစ်ကီလိုလျှင် အနိမ့်ဈေး ၃ ဒသမ ၄ ယွမ်မှ အမြင့်ဈေး ၄ ဒသမ ၂ ယွမ်ထိ ဈေးရှိကြောင်းသိရသည်။ “ တောင်သူတွေ သုံးသပ်ချက်ကတော့ ဒီတစ်နှစ်ဈေးမဆိုးဘူးလို့ ပြောကြတယ်။ အသီးဈေးကောင်းတဲ့အချိန် နယ်မြေအခြေအနေလည်း ကောင်းပါစေလို့ ဆုတောင်းရတာပေါ့။ နယ်မြေအခြေအနေ မကောင်းလို့ လမ်းမှာ ကားလမ်းပိတ်တာပဲဖြစ်ဖြစ်၊ အခြေအနေတစ်ခုခုကြောင့် သစ်သီးကားတွေ လမ်းမှာအချိန်ကြာရင် ထင်ထားတဲ့ ဈေးတွေ မရကြတော့ဘူးပေါ့။ ဈေးနှိမ်ခံရတာတွေရှိတာပေါ့” ဟု ဖရဲသီးတင်ပို့ရောင်းချသူတစ်ဦးကပြောကြားသည်။ ရာသီဥတုနှင့် နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းပါက မူဆယ် ၁၀၅ မိုင် နယ်စပ် ကုန်စည်သစ်သီးဝလံဈေးကွက်အတွင်းသို့ နှစ်ကုန်ပိုင်းတွင် ဖရဲသီးတင်ယာဉ်အများအပြား ယခုထက် ပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/151639

## ရေနံထုတ်လုပ်မှုလျှော့ချခြင်းကို ပြန်လည်ခွဲဝေသတ်မှတ်ရန် အိုပက်နှင့်မဟာမိတ်များ သဘောတူ


အိုပက်နှင့် အခြားနိုင်ငံများသည် အဖွဲ့၏ထုတ်လုပ်မှုရည်မှန်းချက်ကိုညှိနှိုင်းပြီး ထုတ်လုပ်မှုလျှော့ချမည့်ပမာဏကို ပြန်လည် ခွဲဝေသတ်မှတ်ရန် သဘောတူညီခဲ့ကြကြောင်း Business Times သတင်းတွင်ဖော်ပြခဲ့သည်။ ယခုကဲ့သို့ ပြန်လည်ခွဲဝေရန် ဆောင်ရွက်ရခြင်းမှာ ရေနံထုတ်လုပ်မှု အဆမတန်လျှော့ချရသည့် တာဝန်ကိုကာလရှည်ကြာစွာ ဆောင်ရွက်ခဲ့ရသော ဆော်ဒီအာရေဗျနိုင်ငံ၏ ဖိအားပေးမှုကြောင့်ဖြစ်ကြောင်းဖော်ပြထားသည်။ အဆိုပါအုပ်စုသည် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ထက်ဝက်ကျော်ကို ထုတ်လုပ်လျက်ရှိသည်။ ဗီယင်နာ၌ ဒီဇင်ဘာ ၆ ရက်တွင် သဘောတူညီချက်အရအဖွဲ့၏ ထုတ်လုပ်မှုကို

တစ်ရက်စည် ၅၀၀ဝ၀ဝ လျှော့ချရန် ရည်မှန်းထားရာ မကြာသေးမီက ထုတ်လုပ်မှုအဆင့်နှင့်ကိုက်ညီကြောင်း ကိုယ်စားလှယ်များကပြောသည်။ အဓိကထား ဦးစားပေး ပြောကြားလိုသည်မှာ အချို့အဖွဲ့ဝင်နိုင်ငံများသည် လိမ်ညာနေမှုကိုရပ်တန့်ပြီး ကတိပေးထားသည့်အတိုင်း အကောင်အထည်ဖော်ကြစေလိုကြောင်း ဆော်ဒီစွမ်းအင်ဝန်ကြီး မင်းသားအဗ္ဗဒူလာဇစ် ဘင်ဆာလမန်က အစည်းအဝေးမတိုင်မီ ပြတ်ပြတ်သားသားပြောသည်။ "ဘာသာတရားမှာလိုပါပဲ။ ယုံကြည်ရင်ကျင့်ကြံအားထုတ်ရပါမယ်။ ကျင့်ကြံအားထုတ်မှုမရှိရင်မယုံတဲ့သူဖြစ်ပါလိမ့်မယ်။ ဈေးကွက်တွေကကျွန်တော်တို့ကိုယုံကြည်ရပါမယ်။ လေ့လာဆန်းစစ်သူတွေက ကျွန်တော်တို့ကို ယုံကြည်ရပါမယ်" ဟု ဖွင့်ပွဲအခမ်းအနားတွင် မင်းသားအဗ္ဗဒူလာဇစ်က ပြောပါတယ်။ အိုပက်နှင့်မဟာမိတ်တို့က ရေနံထုတ်လုပ်မှုကိုလျှော့ချမည့် အစီအစဉ်ကို ပြတ်ပြတ်သားသားမတွေ့ရသည့်အတွက် ဒီဇင်ဘာ ၆ ရက်က နယူးယောက်ဈေးကွက်တွင် ရေနံကြိုရောင်းကြိုဝယ်ဈေးများကျဆင်းခဲ့သည်။

ကမ္ဘာတွင် ရေနံအများဆုံးတင်ပို့ပြီး အိုပက်၏ခေါင်းဆောင်သဖွယ်ဖြစ်နေသော ဆော်ဒီအာရေဗျသည် သဘောတူညီချက်အသစ်အရ လက်ရှိထုတ်လုပ်မှုအတိုင်း ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ ကိုယ်စားလှယ်တစ်ဦးက ပြောဆိုသည်။ သဘောတူညီမှုအသစ်အရ အိုပက်နှင့်မဟာမိတ်တို့၏ နေ့စဉ်ထုတ်လုပ်မှု လျှော့ချသောပမာဏမှာစည် ၁ ဒသမ ၂ သန်းမှ စည်၁ ဒသမ ၇ သန်းသို့ တိုးမြှင့်ထားသည်။ ရေနံထုတ်လုပ်မှုလျှော့ချခြင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလကတည်းက သတ်မှတ်ထားပြီးဖြစ်ရာ အုပ်စုတစ်ခုလုံးအနေဖြင့်ဆိုပါက ရေနံလျှော့ချထုတ်လုပ်ရန်လိုတော့မည်မဟုတ်ပေ။

**Source:** https://business.facebook.com/pg/SFJWeekly/posts/

## မြန်မာက တင်ပို့မှုရပ်လိုက်၍ တရုတ်နိုင်ငံတွင် မြေရှားသတ္တုဈေးတက်



မြန်မာဘက်က တင်ပို့မှုရပ်ဆိုင်းလိုက်ခြင်းကြောင့် တရုတ်ဘက်တွင် မြေရှားသတ္တုများ သီတင်းတစ်ပတ်အတွင်း ဈေးမြင့်တက် သွားကြောင်း တရုတ်၊ ရှန်ဟိုင်းအခြေစိုက် သတ္တုဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်ဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်သည်။ တရုတ်အစိုးရပိုင် မြေရှား သတ္တုကုမ္ပဏီ China Southern Rare Earth Group–CSREG ထုတ်ပြန်ချက်အရ Gadolinium Oxide ဟုခေါ်သည့် မြေရှားသတ္တုအမျိုးအစားသည် တစ်ပတ်အတွင်း ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခြင်းဖြစ်သည်ဟုဆိုသည်။ ထိုသတ္တုအမျိုးအစားသည် လက်ရှိတွင် မက်ထရစ်တစ်တန်လျှင် ကျပ်သိန်း ၃၅၀ ခန့်ပေါက်ဈေးရှိနေပြီး ဈေးဆက်လက်မြင့်တက်နိုင်သေးဟုဆိုသည်။ တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးဌာန ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ၂၀၁၉ ဇန်နဝါရီ ၁ ရက်မှ မေလ ၁၅ ရက်အထိ မြေရှားသတ္တုတန်ချိန် ၉၂၀၀ ကျော် တင်ပို့ခဲ့သည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံဘက်ခြမ်းရှိ မြေရှားသတ္တု တရားမဝင်တူးဖော်သည့်လုပ်ကွက်များကို ဒီဇင်ဘာ ၉ ရက်တွင် သတ္တုတွင်းဦးစီးဌာနက ထုတ်ပြန်ပြီးနောက် ကချင်ပြည်နယ်၊ ပန်ဝါမြို့နယ်ခွဲရှိ သတ္တုတူးဖော်သည့်ကုမ္ပဏီများရပ်နားခြင်းဖြစ်သည်။ ပြည်နယ်အစိုးရနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့အဆိုအရ လက်ရှိ၌ မြန်မာနိုင်ငံတွင် မြေရှားတူးဖော်ခွင့်ကို တရားဝင်ခွင့်ပြုထားခြင်းမရှိကြောင်းနှင့် နိုင်ငံခြားတင်ပို့ခွင့်လည်း မပြုထားကြောင်းဆိုသည်။ သတ္တုတွင်းဦးစီးဌာန (ကချင်ပြည်နယ်ရုံးခွဲ) ထုတ်ပြန်ချက်အရ ပန်ဝါဒေသတွင် မြေရှားသတ္တုတူးဖော်မှုနှင့်ပတ်သက်၍ အလတ်စားလုပ်ကွက်အဖြစ် ကုမ္ပဏီနှစ်ခုကို စုစုပေါင်းမြေဧက ၂၉၀ ကျော် ခွင့်ပြုထားသည်ဟုဆိုသည်။ တရားမဝင်တူးဖော်နေသည့် လုပ်ကွက်ငါးခုရှိနေသည်ဟု ဒီဇင်ဘာ ၉ ရက်တွင် ထုတ်ပြန်ထားသည်။ ထိုလုပ်ကွက်များသည် အလတ်စားလုပ်ကွက်အဖြစ်ပြောင်းလဲရန်ဝန်ကြီးဌာနတွင် လိုအပ်ချက်များ လျှောက်ထားဆဲအဆင့်ဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန်က ဆိုထားသည်။

**Source:** https://7day.news/–174460

## ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသည့် သတ္တုတူးဖော်ရေးလုပ်ငန်းများ လာမည့်နှစ်အတွင်း ဝင်ရောက်ရန်ရှိဟုဆို

ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသည့် မိုင်းသတ္တုတူးဖော်ရေးလုပ်ငန်းများကို လာမည့် ၂၀၂၀ ခုနှစ်အတွင်း ဝင်ရောက်ရန် ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။ ဒီဇင်ဘာ ၁၇ ရက်က ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ပြုလုပ်သည့် သတင်းမီဒီယာတွေ့ဆုံပွဲတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ "အခု လာမယ့်နှစ်မှာတော့ ပြီးခဲ့တဲ့နှစ်က ကျန်နေတဲ့ လုပ်ငန်းမျိုးတွေဖြစ်တဲ့ မိုင်းနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ လာမယ်လို့ ခန့်မှန်းတယ်။ ဒါကို သက်ဆိုင်ရာဝန်ကြီးဌာနက လည်းအသေးစိတ်စိစစ်နေတဲ့အပိုင်း ဖြစ်ပါတယ်။ ရင်းနှီး မြှုပ်နှံမှု ပမာဏက ကြီးပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေ တိုးတက်လာဖို့ ရှိပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ သတ္တုတူးဖော်ရေးလုပ်ငန်းများသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်က ကျန်ခဲ့သည့် လုပ်ငန်းအမျိုးအစားများ ဖြစ်ပြီး ယင်းလုပ်ငန်းများခွင့်ပြုပေးရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းသည့်လုပ်ငန်းမျိုးဖြစ်စေရန် သက်ဆိုင်ရာသံယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုတွင်း)မှ စနစ်တကျစိစစ်ဆေးနေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

အစိုးရအနေနှင့်လည်း လျှပ်စစ်ကဏ္ဍကို ယခုအချိန်တွင်အားပေးနေခြင်းဖြစ်သောကြောင့် မကြာမီကာလတွင် လျှပ်စစ်ထုတ်လုပ်ရန်အတွက် သဘာဝဓာတ်ငွေ့နှင့်ပတ်သက်သော လုပ်ကွက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ချထားပေးရန်ရှိကြောင်းသိရသည်။ လာမည့် ဘဏ္ဍာရေးနှစ်တွင် သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် လျှပ်စစ်ထုပ်လုပ်ရေး လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ပြီး လက်ရှိတွင် အိမ်ခြံမြေနှင့်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများလည်း ပုံမှန်ဝင်ရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း ၎င်းကပြောသည်။ သတ္တုတူးဖော်ရေးကဏ္ဍတွင် ၁၉၈၈ ခုနှစ်မှ လက်ရှိဘဏ္ဍာရေးနှစ်အထိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၆ ခုမှရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၇၄ ဘီလီယံခန့် ဝင်ရောက်ထားကြောင်းသိရသည်။

**Source:** https://business.facebook.com/SFJWeekly/posts/2898834013537205?__tn__=K-R

## အိန္ဒိယ၏ ပဲအဝယ်မတည်ငြိမ်မှု မြန်မာစိုးရိမ်

အိန္ဒိယနိုင်ငံသည်၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် မတ်ပဲတင်သွင်းခွင့် ခွဲတမ်းသတ်မှတ်ချက်ကို တိုးမြှင့်တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်မှုညွှန်ကြားရေးဦးစီးဌာန (DGFT) က ဒီဇင်ဘာလ ၁၉ ရက် ညပိုင်းက အသိပေးထုတ်ပြန်ခဲ့အပြီး မြန်မာပြည်တွင်း ပဲဈေးကွက်တွင် ဈေးနှုန်းများထိုးတက်သွားသည်။ ထို့သို့ ပဲဈေးမြင့်တက်သွားခြင်းကို ယာယီကောင်းမြင်ကြသော်လည်း အလှုပ်အရမ်းများလွန်းသော ဈေးကွက်ကို ဈေးကွက်အတွင်းရှိ သက်ဆိုင်သူများကစိုးရိမ်ကြသည်။ အိန္ဒိယနိုင်ငံက မူလက တန်ချိန် ၁ ဒသမ ၅ သိန်း သတ်မှတ်ထားရာမှ တန်ချိန် ၂ ဒသမ ၅ သိန်း အထိ တိုးမြှင့်တင်သွင်း ခွင့်ပြုလိုက်ခြင်း ဖြစ်ပြီး ဒီဇင်ဘာလ ၂၀ ရက်တွင် မတ်ပဲဈေးမှာ ၁ တန်လျှင် ကျပ် ၁၁ သိန်း ၃ သောင်း ရှိနေရာမှ ကျပ် ၁၂ သိန်း ၇ သောင်းအထိ ၁ ရက်အတွင်း ကျပ် ၁ သိန်းကျော် တဟုန်ထိုးမြင့်တက်သွားခဲ့သည်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း အကြံပေးဦးစိုးဝင်းမောင်က "ကျနော်တို့နိုင်ငံရဲ့ ပဲဈေးကွက်က အိန္ဒိယနိုင်ငံပေါ်မှာမူတည်နေတယ်။ ၈၀ ရာခိုင်နှုန်းက အိန္ဒိယကိုသွားတယ်ဆိုတော့ ကိုယ့်ရဲ့ဈေးကွက် အကြီးစားကြီးဖြစ်နေတာ။ အဲဒီတော့ သူတို့ဘက်က တစ်ခုခုလှုပ်ရှားတိုင်း ကျနော်တို့ဆီမှာ လာဂယက်ရိုက်တာမျိုးဖြစ်တယ်" ဟု ပြောဆိုသည်။ အဆိုပါ ခွဲတမ်းကန့်သတ်ချက်များကို အိန္ဒိယနိုင်ငံသည် ၂၀၁၅-၂၀၂၀ နိုင်ငံခြားရေးကုန်သွယ်မှုမူဝါဒအရ ဗဟိုအစိုးရက ၂၀၁၇ ခုနှစ်မှစတင်၍ ကန့်သတ်တင်သွင်းကုန်စည်အဖြစ် မတ်ပဲကိုသတ်မှတ်ထားခဲ့သည်။ ယင်းသို့ ကန့်သတ်လိုက်သည့် ၂၀၁၇ ခုနှစ်အတွင်း မြန်မာ့ပဲဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်းများသည် တစ်တန်လျှင် ကျပ်သုံးသိန်းခွဲနှင့် ကျပ်သုံးသိန်းဝန်းကျင်အထိသို့ စံချိန်တင်ကျဆင်းခဲ့သည်။ ဦးစိုးဝင်းမောင်က "အရင်ကလို လွတ်လွတ်လပ်လပ်ရောင်းခွင့်မရှိဘူး။ ကြိုက်တဲ့ဈေးလည်း မဟုတ်ဘူး သူတို့နိုင်ငံရဲ့ အနိမ့်ဆုံးဈေးပေါ့။ ကျနော်တို့ မြန်မာနိုင်ငံမှာ ဆန်စပါးကို အစိုးရက အနိမ့်ဆုံးဈေးသတ်မှတ်သလို သူတို့နိုင်ငံမှာလည်း သတ်မှတ်ထားတယ်။ ဒါကြောင့် ချိန်ညှိပြီးတော့ ကျနော်တို့ဆီက ပဲတွေကိုဝယ်တယ်။ အဲဒီတော့ ကျနော်တို့

နိုင်ငံရဲ့တောင်သူအတွက် တွက်ချေမကိုက်တဲ့ဟာမျိုးတွေဖြစ်နေတာ” ဟုရှင်းပြသည်။

ပဲစားသုံးမှုသည် အိန္ဒိယနိုင်ငံ၏ အဓိကနေ့စဉ်စားသုံးမှုတခုဖြစ်သောကြောင့် တင်သွင်းမှုကန့်သတ်ချက်များကိုလည်း ရေရှည်တွင် ဆက်လက်လုပ်ဆောင်မည်ဟု ခန့်မှန်းရကြောင်းငင်းကပြောသည်။ ထို့ကြောင့် မြန်မာ့ပဲစိုက်တောင်သူများအနေနှင့် ဈေးကွက်အခြေအနေကိုလေ့လာ၍ စီးပွားရေးတွက်ချေကိုက်သော သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန်အတွက် ကုန်သည်များ၊ သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများ အားလုံးက ပူးပေါင်းရှာဖွေလုပ်ဆောင်သင့်ကြောင်း ၎င်းကဆိုသည်။ ယင်းအပြင် အဓိက အချက်မှာ ထိုသီးနှံပေါ်ချိန်တွင် ဝယ်ပေးနိုင်မည့် ဈေးကွက်ရှာပေးနိုင်မည့် အခြေအနေများဖန်တီးပေးရန် အစိုးရအနေနှင့် လိုအပ်မည်ဖြစ်သည်။ အစိုးရချင်းလုပ်ဆောင်နေသည့်အပိုင်းနှင့်ပတ်သက်၍ စီးပွား/ကူးသန်း၏ လက်ထောက်အမြဲတမ်း အတွင်းဝန်ဦးခင်မောင်လွင်က “အိန္ဒိယဘက်ကိုလည်း ကျနော်တို့က နှစ်နိုင်ငံ MOU လက်မှတ်ထိုးဖို့အတွက်ပို့ထားတယ်။ သူတို့ဘက်ကလည်း သူ့နိုင်ငံရဲ့ မူဝါဒအပြောင်းအလဲတွေရှိနေတယ်။ တခြားကိစ္စလည်းရှိတယ်ဆိုပြီး လေ့လာနေပါတယ်ပဲ အကြမ်းဖျင်းသိရတယ်” ဟု ပြောပြသည်။ မြန်မာနိုင်ငံမှ နှစ်နိုင်ငံ MOU ရေးထိုးရန် အိန္ဒိယပေးပို့ရာတွင် ဈေးကွက်ပေါက်ဈေး အတိုင်း အရောင်းအဝယ်ပြုလုပ်ရန် သုံးနှုန်းလိုက်ခြင်းကြောင့် အိန္ဒိယဘက်မှ စဉ်းစားနေဆဲကြောင်းသာသိရသေးသည်ဟု ဦးခင်မောင်လွင်ကဆိုသည်။ ၎င်းက “အိန္ဒိယဘက်က ၂၀၁၇ စကန့်သတ်တဲ့အချိန်က သူတို့နိုင်ငံရဲ့သတ်မှတ်တဲ့ အနိမ့်ဆုံးဈေးနဲ့ ဝယ်မယ်ဆိုတဲ့ဟာမျိုး ဒီဘက်ကိုပို့လာတာရှိတယ်။ အဲဒီချိန်မှာ ကိုယ့်ဘက်က ဈေးနှုန်းကအများကြီးမြင့်နေတော့ တဖက်က ကုန်သည်တွေအနေနဲ့လည်း တောင်သူနဲ့ရှင်းရမှာနဲ့ အများကြီးစဉ်းစားနေတဲ့အပိုင်းဖြစ်တယ်။ ဒါကြောင့် MOU မှာ ကျနော်တို့ ဘက်က ဈေးကွက်ပေါက်ဈေးအတိုင်းဆိုပြီး ပြန်ပို့လိုက်တာ” ဟုပြောသည်။

အိန္ဒိယနိုင်ငံမှ ခွဲတမ်းတိုးမြှင့်တင်သွင်းခွင့်ပြုလိုက်ခြင်းမှာ ပြီးခဲ့သည့် စက်တင်ဘာလနှင့်အောက်တိုဘာလအတွင်း ၎င်းတို့ နိုင်ငံအတွင်း အများဆုံးရှိထွက်သည့် မတ်ပဲမှာမိုးရေကြီးခြင်းကြောင့် ပျက်စီးမှုများကာ ပြည်တွင်းလိုအပ်ချက်ရှိသဖြင့် တိုးမြှင့် လိုက်ခြင်းဖြစ်ကြောင်းလည်းသိရသည်။ ယခုကဲ့သို့ အိန္ဒိယဘက်မှ ခွဲတမ်းတိုးလိုက်ခြင်းကြောင့် မြန်မာ့မတ်ပဲအသစ်ပေါ်မည့် ဖေဖော်ဝါရီလတွင် အထိုက်အလျောက်ဝယ်လိုအားရှိလာခြင်းနှင့်အတူ ဈေးလည်းအနည်းငယ်ကောင်းမွန်ခြင်းကို တောင်သူများ ခံစားရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။“ကြေညာချက် စထွက်ချင်း ဈေးကချက်ချင်းတက်သွားတယ်။ ဒါပေမယ့် ထုတ်ပြန်ချက်ထဲပါတဲ့ ပဲခွဲကြမ်းသမားတွေကို လိုင်စင် လျှောက်လွှာ တင်တဲ့အခါ ဒီလကုန်အထိဆိုတော့ လိုင်စင်က ဇန်နဝါရီလထဲမှာမှချပေးမယ်ဆိုတဲ့အသံကြောင့် ဈေးကတခါပြန်ကျတယ်” ဟု ဧရာဝတီသို့ပြောသည်။ ဆက်လက်၍ ၎င်းက “ယခင်အတွေ့အကြုံအရ မတ်လကုန်ထိ လိုင်စင်လျှောက်ထားပေမယ့် တကယ် တမ်းလက်ဝယ်ကို ဇွန်လလောက်မှလိုင်စင်ရတယ်။ အခုက ဒီလကုန်မှာ လျှောက်လွှာကို နောက်ဆုံးထား ခေါ်ထားတဲ့ အတွက် အရင်လိုမဖြစ်နိုင်ဘူး။ ဇန်နဝါရီလ လဆန်းပိုင်းလောက်ရမယ်ထင်တယ်။ ဒါကြောင့် မတ်လကုန်နောက်ဆုံးထားပြီး သူတို့ ဆိပ်ကမ်းအရောက် ကျနော်တို့ဘက်က မတ်လ ၁၅ ရက်အရောက် သင်္ဘောတင်ပို့မှရမယ်” ဟု ဆိုသည်။ ဧရာဝတီတိုင်း ဒေသကြီး၊ ဟင်္သာတမြို့နယ် ပဲစိုက်တောင်သူ ဦးအောင်ခိုင်မြင့်က “ဈေးနှုန်းအမြင့်တွေကတော့ တောင်သူခံစားရမှုနည်းတယ်။ မတ်ပဲလှိုင်လှိုင်ပေါ်တဲ့အချိန်ကျရင် ဈေးကအကြောင်းအမျိုးမျိုးပြပြီးတော့ ဈေးကကျသွားတာပဲ ဒီနှစ်ဈေးကွက်အခြေနေက လက်ရှိအနေအထားလေးကတော့ နည်းနည်းလေးဈေးသင့်တယ်။ မနှစ်ကလောက်မဆိုးပါဘူးခင်ဗျ” ဟု ဧရာဝတီသို့ပြောသည်။ ယခင်နှစ်က မတ်ပဲ ပိဿာ၂၀ တအိတ်လျှင် ကျပ် ၂ သောင်းကျော် အထိသာရရှိခဲ့ပြီး ယခုနှစ်တွင် ကျပ် ၃ သောင်းကျော် အထိ ဈေးရနေကြောင်း ၎င်းကပြောသည်။ ဦးအောင်ခိုင်မြင့်က “စပါးပြီးရင် အခြားသီးနှံစိုက်ဖို့က ကျနော်တို့ဒေသက သိပ်အဆင် မပြေဘူး။ မတ်ပဲစိုက်ပျိုးလို့ပဲရတယ်။ ပြီးခဲ့နှစ်က ပဲဈေးပျက်လို့ နွားစာကျွေးလိုက်ရတဲ့အထိဖြစ်တာရှိတယ်။ အဲဒီတော့ အစိုးရ အနေနဲ့ တောင်သူတွေကို သီးနှံအာမခံဈေးကွက်လေးတစ်ခုဖြစ်အောင် အရည်အသွေးသတ်မှတ်ပြီး လုပ်ပေး၊ ဝယ်ပေး စေချင်တယ်”ဟု ၎င်းကပြောသည်။

မတ်ပဲစိုက်ပျိုးမှုမှာ ၁ ဧကလျှင် လုပ်သားခအပါအဝင် ကျပ် ၁ သိန်းခွဲမှ ကျပ် ၂ သိန်းအထိ ကုန်ကျစရိတ်ရှိပြီး ဖေဖော်ဝါရီလနှင့်မတ်လတို့တွင် မတ်ပဲလှိုင်လှိုင်ပေါ်ကြောင်း ၎င်းကရှင်းပြသည်။ လက်ရှိပြဿနာမှာ မြန်မာနိုင်ငံ မတ်ပဲ စိုက်ပျိုးမှုပမာဏမှာ ကြီးမားနေခြင်းနှင့် ပြည်ပသို့တင်ပို့မှုတွင်လည်း အများဆုံးဖြစ်နေခြင်းကြောင့် အိန္ဒိယအပြင် အခြား ဈေးကွက်သို့ရွှေ့မည်ဆိုလျှင် ပဲစားသုံးသည့်နိုင်ငံမရှိသဖြင့် အခက်အခဲရှိကြောင်း စိုက်ပျိုးရေးပညာရှင်လည်း ဖြစ်သူ

ဦးစိုးဝင်းမောင်က ပြောကြားထားသည်။ မြန်မာ့လယ်ယာထွက်ကုန်ကဏ္ဍတွင် ပဲသီးနှံမှာ ဒုတိယအများဆုံး စိုက်ပျိုးထုတ်လုပ်နေခြင်းဖြစ်ပြီး မြန်မာ့ပဲမျိုးစုံစိုက်ပျိုးမှုကို ဧကအနေဖြင့်တွက်ချက်မည်ဆိုပါက လယ်ယာထွက်သီးနှံစိုက်ပျိုးမှု၏ ၂၁ ရာခိုင်နှုန်းကျော်အထိရှိနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန(စီးပွား/ကူးသန်း) ကဆိုသည်။ အိန္ဒိယဝယ်လက်ပြန်ကောင်းလာခြင်းသည် ပုံသေပြော၍မရသောကြောင့် တောင်သူများအနေနှင့်လာမည့် ပဲစိုက်ရာသီတွင် သတိထားစိုက်ပျိုးသင့်ကြောင်းသိရသည်။

အိန္ဒိယ နိုင်ငံအနေနှင့် ခွဲတမ်းစနစ်ကိုသာ ဆက်လက်ကျင့်သုံးနေမည်ဆိုလျှင် မြန်မာပဲဈေးကွက်သည် အန္တရာယ်ကြီးနိုင်ပြီး ၎င်းတို့လိုအပ်ချက်မရှိသည့် နှစ်မျိုးတွင် အသေပိတ်ထားမည်ဆိုလျှင် တောင်သူများဒုက္ခရောက်နိုင်ကြောင်းလည်း ပဲကုန်သည်များ စိုက်ပျိုးရေးပညာရှင်များက ထောက်ပြထားသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားဈေးကွက်၌ တွင်တွင်ကျယ်ကျယ်ရောင်း ချနေရသည့် ပြည်ပဈေးကွက်ဝင် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့မှာ ပဲစိုက်ပျိုးမှု ၇၀ ရာခိုင်နှုန်းနီးပါးရှိနေကြောင်းသိရသည်။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ပါကစ္စတန်စသည့် နိုင်ငံများအပြင် အမေရိကန်နှင့်ဥရောပနိုင်ငံများသို့ပါ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် အခြားပဲမျိုးစုံကို အဓိကတင်ပို့လျက်ရှိနေသည်။

**Source:** https://burma.irrawaddy.com/business/2019/12/24/211470.html

## တရုတ်သို့ ဖရဲတင်ပို့မှု အရည်အသွေးကောင်းမွန်ခြင်းနှင့် နှစ်သစ်ကူးကာလနီးကပ်လာ၍ ဈေးကောင်းရ

တရုတ်နိုင်ငံသို့ ဖရဲတင်ပို့မှုတွင် မြန်မာနိုင်ငံအောက်ပိုင်းပဲခူးတိုင်းဘက်မှ ဖရဲသီးအများစုတင်ပို့လျက်ရှိရာ အရည်သွေးကောင်းမွန်ခြင်းနှင့် တရုတ်နှစ်သစ်ကူးကာလနီးကပ်လာချိန်ဖြစ်၍ တရုတ်ကုန်သည် ဝယ်လက်အားကောင်းနေခြင်းတို့ကြောင့် ဈေးကောင်းရနေကြောင်း မူဆယ်(၁၀၅မိုင်) သစ်သီးဝလံပွဲရုံများမှသိရသည်။ လက်ရှိတွင် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းဘက်မှ ဖရဲသီးများလက်ကျန်မရှိတော့ဘဲ ပဲခူးတိုင်းနှင့်အောက်မြန်မာနိုင်ငံဒေသများမှ ဖရဲသီးများတရုတ်ဈေးကွက်တွင် ရောင်းအားကောင်းနေသည်ဟုဆိုသည်။ "ပွဲ့လင်းရာသီလည်း ရောက်လာပြီ။ တရုတ် နှစ်သစ်ကူးလည်းရှိတော့ အဝယ်များသလို အသီးတွေက အရည်အသွေးကောင်းလို့ ဈေးကောင်းရတယ်။ ပြီးခဲ့တဲ့ တစ်လခွဲဝန်းကျင်က မိုးထိထားတာတွေပို့ကြတော့ အရည်အသွေးညံ့တယ်။ စားရတဲ့အရသာမရှိလို့ ဈေးမရဘူး။ အောက်ပိုင်းဒေသဖြစ်တဲ့ သုံးခွ၊ ညောင်လေးပင်၊ မဒေါက်၊ ဘီလင်းဘက်က အသီးတွေ ဝင်နေတယ်"ဟု မူဆယ်(၁၀၅မိုင်)မှ မိန်းမိန်းသစ်သီး ပွဲရုံတာဝန်ခံကပြောသည်။

ဒီဇင်ဘာ ၂၆ ရက် တရုတ်ဖရဲသီးဈေးကွက်တွင် ၈၅၅ ဖရဲသီး ရောင်းတမ်းဝင် ၁၅ တန်ကား အစီးပြတ်အတွက် တရုတ်ငွေယွမ် ၃၄၀၀၀-၄၅၀၀၀၊ အသေးစားမှာ ယွမ် ၁၀၀၀၀-၂၀၀၀၀ ဖြစ်ပြီး ထိုင်ဝမ်တစ်တန် ယွမ် ၃၅၀၀-၃၇၀၀ ဝန်းကျင်ပေါက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် တစ်လခွဲခန့်က တင်ပို့သည့်ဖရဲသီးများမှာ အရည်အသွေးညံ့ကာ အပျက်အစီးများသဖြင့် အရည်သွေးကောင်း သစ်သီးဝလံများသာတင်ပို့ရန် သစ်သီးဝလံကုန်စည်ဒိုင်(မူဆယ်)မှ နိုဝင်ဘာ ၁၀ ရက် က စာထုတ်အသိပေးခဲ့ရကြောင်းသိရသည်။ "၂၄ ရက်က ဖရဲတွေကို တန်ချိန်နဲ့ အရည်အသွေးအရ အစီးပြတ်ရောင်းတဲ့စနစ်ပြောင်းသွားပြီး တရုတ်ဝယ်လက်တွေ အကုန်သိမ်းကျုံးဝယ်သွားတယ်။ ဈေးကွက်က ရောင်းသူရဲ့သဘောဖော်ဆောင်တဲ့ဈေးကွက်ကို ပြောင်းလဲနိုင်တဲ့အချိန်အခါပါ။ အဓိကတော့ ခူးဆွတ်ချိန်အမှည့်ဆိုရင် အရည်အသွေးပြည့်မှတင်ပို့ဖို့လိုတယ်"ဟု ခွာညိုသစ်သီးပွဲရုံမှ ဦးစိုင်းခင်မောင်ကပြောသည်။ မူဆယ်(၁၀၅မိုင်) နယ်စပ်မှ တရုတ်သို့ဖရဲသီးတင်ပို့သည့် ဘဏ္ဍာနှစ်အလိုက်စာရင်းများအရ ၂၀၁၆- ၁၇ တွင် တန်ချိန်ခုနစ်သိန်းကျော် (ကန်ဒေါ်လာ သန်း ၇၀ကျော်)၊ ၂၀၁၇-၁၈ တွင် တန်ချိန်ရှစ်သိန်းကျော် (ကန်ဒေါ်လာ ၇၇ သန်းကျော်)နှင့် ၂၀၁၈-၁၉ တွင် တန်ချိန်ရှစ်သိန်းကျော် (ကန်ဒေါ်လာ သန်း ၇၀ ခန့်)ရှိခဲ့သည်ဟု ကုန်သွယ်ရေးစာရင်းများအရ သိရသည်။

**Source:** https://myanmar.mmtimes.com/news/132976.html

## ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု စံချိန်တင်မြင့်တက်

ယခုနှစ်မှာ ထိုင်းနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် ဝင်ရောက်မှုဟာ စံချိန်တင်မြင့်တက်ခဲ့ပြီး စုစုပေါင်း ဦးရေ ၃၉ သန်းအထိ လာရောက်လည်ပတ်ခဲ့ကြောင်းသိရပါတယ်။ ယခုနှစ်တစ်နှစ်တာလုံး လာရောက်လည်ပတ်တဲ့ ခရီးသွား

ဦးရေ ၃၉ သန်းကတော့ ယမန်နှစ်က ၃၈ သန်းထက် ပိုများနေတာဖြစ်ပါတယ်။ ယင်းအတွက်ကြောင့်လည်း ထိုင်းနိုင်ငံဟာ လက်ရှိအချိန်အထိ နိုင်ငံတကာခရီးသွားတွေအကြား ရေပန်းအစားဆုံး ခရီးသွားနေရာတစ်ခုအဖြစ် ဆက်လက်ရပ်တည်ထား နိုင်ဆဲ ဖြစ်ကြောင်း ထိုင်း ခရီးသွားနဲ့ အားကစား ဝန်ကြီး Phiphat Ratchakitprakarn က ပြောဆိုလိုက်ပါတယ်။

ယခုနှစ် ခရီးသွားဝင်ရောက်မှု စံချိန်တင်မြင့်တက်ခြင်းနဲ့အတူ ယင်းခရီးသွားလုပ်ငန်းကနေ နိုင်ငံအတွက် ဝင်ငွေကလည်း ဘတ် ၁ ဒသမ ၉၆ ထရီလီယံဖြစ်ထွန်းစေဖို့ရှိတယ်လို့ ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ TAT က မျှော်မှန်းနေပါတယ်။အလားတူ လာမယ့် နှစ် ၂၀၂၀ မှာလည်း ထိုင်းနိုင်ငံကို ပြည်ပခရီးသွား ၄၀ ဒသမ ၈ သန်း လာရောက် လည်ပတ်မယ်လို့ TAT က ခန့်မှန်းထားပါတယ်။

**Source:** https://www.bangkokpost.com/…/tourist-arrivals-hit-record-o…

SFJ Strategy First Journal

## မတ်ပဲကို အခြားနိုင်ငံများမှလည်း ဈေးကောင်းပေးဝယ်နေ



မြန်မာ့မတ်ပဲကို အိန္ဒိယအပြင် အခြားနိုင်ငံများကလည်း ဈေးကောင်း ပေးဝယ်နေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှသိရပါတယ်။ အိန္ဒိယနိုင်ငံက မြန်မာ့မတ်ပဲကို ဝယ်ယူတဲ့ဈေးနှုန်းအတိုင်း အခြားပြည်ပ နိုင်ငံများကလည်း ဈေးကောင်းပေးဝယ်ကြပါတယ်လို့ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးကပြောပါတယ်။ မတ်ပဲ ကို အိန္ဒိယအပြင် အခြားပြည်ပနိုင်ငံတွေကိုပါတင်ပို့နေပါတယ်။ တင်ပို့မှုကတော့ နည်းတာပေ့ါ။ ဒါပေမယ့် ဈေးနှုန်းကတော့ ဈေးကောင်းရင်ကောင်းသလို ကျန်တဲ့ နိုင်ငံတွေကလည်း ဈေးကောင်းလိုက်ဝယ်ပေးတယ်။ မတ်ပဲကို ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ဒူဘိုင်း၊ မလေးရှားနဲ့ အင်ဒိုနီးရှားနိုင်ငံများကို တင်ပို့သွားမှာဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။

မတ်ပဲ FAQ /RC (2019) တစ်တန်ကို ၁၁၄၀၀၀ ကျပ်ဈေးနှုန်းရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများအရသိရ ပါတယ်။ မြန်မာ့မတ်ပဲကို အိန္ဒိယနိုင်ငံမှ အခုဘဏ္ဍာနှစ်အတွင်း တန်ချိန် (၄) သိန်းအထိ ဝယ်ယူသွားမှာဖြစ်ကြောင်းလည်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/buy_black_gram_with_pay_good_price

## ရေနံဈေး ၃ လတာအတွင်း အမြင့်ဆုံးတက်

ကမ္ဘာ့ရေနံဈေးတွေကတော့ ဒီဇင်ဘာ ၂၇ ရက်မှာ တက်လာခဲ့ပြီး သုံးလတာအတွင်း အမြင့်ဆုံးလယ်ဗယ်ကို ရောက်ရှိ ခဲ့တယ်လို့ သိရပါတယ်။ အမေရိကန် consumers တွေက အွန်လိုင်းကနေငွေသုံးစွဲမှု စံချိန်တင်မြင့်တက်ခဲ့ခြင်းက ကမ္ဘာ့ နံပါတ်တစ် စီးပွားရေးနိုင်ငံရဲ့ တိုးတက်မှုမျှော်မှန်းချက်တွေကို ပိုမိုအားကောင်းစေခဲ့ပြီးနောက် ခုလိုရေနံဈေးတွေ တက်လာ ခဲ့တာဖြစ်ပါတယ်။ ယင်းနေ့က Brent ရေနံ ကြိုရောင်းကြိုဝယ်ဈေးနှုန်းပိုင်းမှာ ၀ ဒသမ ၂ ရာခိုင်နှုန်းတက်ပြီး တစ်စည်ကို ၆၈ ဒသမ ၁၅ ဒေါ်လာမှာ ရပ်တည်ခဲ့ပါတယ်။ အလားတူ အမေရိကန် WTI ရေနံ ဈေးကလည်း ၀ ဒသမ ၂ရာခိုင်နှုန်းတက်ပြီး တစ်စည်ကို ၆၁ ဒသမ ၈၁ ဒေါ်လာမှာ ရပ်တည်လျက်ရှိပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၆ ရက်က ကောက်ယူခဲ့တဲ့ ဒေတာအချက်အလက်တွေအရ အမေရိကန် consumers တွေရဲ့ အားလပ်ရက် အွန်လိုင်း ဈေးဝယ်မှုတွေက စံချိန်တင် မြင့်တက်ခဲ့တာကို ပြသနေလျက် ရှိပါတယ်။

**Source:** https://www.channelnewsasia.com/…/oil-hits-three-month-high…

SFJ Strategy First Journal

## နိုင်ငံတကာစံနှုန်းနှင့်အညီဖြစ်စေမည့် ကုန်သွယ်မှုဥပဒေသစ်ရေးဆွဲနေ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO) အပါအဝင် ဒေသအတွင်း ကုန်သွယ်မှုအဖွဲ့အစည်းများမှ ချမှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ကုန်သွယ်ရေးကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကုန်သွယ်မှုဥပဒေသစ်တခုကို ရေးဆွဲလျက်ရှိကြောင်းသိရသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုကိစ္စရပ်များကို ၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းထားသော ပို့ကုန်သွင်းကုန်ဥပဒေဖြင့်သာလုပ်ဆောင်လျက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လက်ရှိတာဝန်ခံဆောင်ရွက်နေရသည့် လုပ်ငန်းများအပေါ် ယင်းပို့ကုန်သွင်းကုန်ဥပဒေက လွှမ်းခြုံမှုမရှိသဖြင့် အစားထိုးပြဋ္ဌာန်းမည့် ဥပဒေသစ်တရပ် ရေးဆွဲရခြင်းဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန မူဝါဒရေးရာဌာနခွဲမှ အကြီးတန်းအရာရှိတစ်ဦးက ရောဝတီသို့ပြောသည်။ “ပို့ကုန်သွင်းကုန်ဥပဒေမှာက ကုန်စည်နဲ့နည်းပညာပဲအကျုံးဝင်တယ် ဝန်ဆောင်မှုဆိုတာမပါဘူး။ ဒါပေမဲ့ စီးပွား/ကူးသန်းက Trade in Services(ဝန်ဆောင်မှုကုန်သွယ်ရေး)နဲ့ပတ်သက်လို့ ဒေသတွင်းကုန်သွယ်ရေး သဘော တူညီချက်များမှာ ညှိနှိုင်းဆွေးနွေးရတာပါသလို ဖြန့်ဖြူးရောင်းချခြင်းဖြစ်တဲ့ Distribution Services ကိစ္စတွေအတွက် စီမံခန့်ခွဲနေရတယ်။ အဲ့ဒါကြောင့် လက်ရှိစီးပွားကူးသန်းလုပ်ဆောင်မှုတွေ အားလုံးအကျုံးဝင်နိုင်တဲ့ ဥပဒေကိုရေးဆွဲတာပါ”ဟု ၎င်းက ဆိုသည်။ ယင်းအပြင် ကုန်သွယ်မှုများကို စည်းမျဉ်းစည်းကမ်းများနှင့်ကြပ်မတ်ကွပ်ကဲပြီး ကုန်သွယ်မှုကို ပိုမိုမြှင့်တင်ရန်၊ ဒေသတွင်းနှင့် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများမှာ ဝန်ကြီးဌာနအချင်းချင်းသော်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်သော် လည်းကောင်း အချင်းချင်းချိတ်ဆက်မှု အားကောင်းလာစေရန်၊ မျှတသည့်ယှဉ်ပြိုင်မှုတွေဖြစ်စေရန်နှင့် အစိုးရ၊ ပုဂ္ဂလိက အကျိုးပူးပေါင်းဆောင်ရွက်ရမည့် PPP (Private Public Partnership) စနစ်တွေ ပိုမိုခိုင်မာအားကောင်းလာစေဖို့ ရည်ရွယ်ကြောင်းသိရသည်။

အဆိုပါ ဥပဒေသစ်အရ ကုန်သွယ်မှုနဲ့ဆက်စပ်နေတဲ့ ဝန်ကြီးဌာနများအဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ဒုတိယသမ္မတမှ ဦးဆောင်မည့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကိုဖွဲ့စည်းပြီး ကုန်သွယ်မှုမူဝါဒများချမှတ်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို ဆောင်ရွက်ခြင်းနှင့်ကုန်သွယ်မှုနှင့် ဆက်စပ်နေသော မူဝါဒများကို အကောင်အထည်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကုန်စည်နှင့်ဝန်ဆောင်မှုများကို တင်ပို့ခြင်း၊ တင်သွင်းခြင်း သို့မဟုတ် ပြန်လည်တင်ပို့ခြင်း၊ တဆင့်ဖြတ်သန်းကုန်သွယ်ခြင်းတို့ပြုလုပ်ရန် လိုအပ်သောလိုင်စင်၊ ပါမစ်၊ အသိအမှတ်ပြုလက်မှတ်၊ မှတ်ပုံတင် (သို့မဟုတ်) အခြားအထောက်အထားများကို လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် One-stop service စနစ်ဖြင့် လုပ်ငန်းရှင်များနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ဆက်သွယ်ဆောင်ရွက်ပေးမည့်စနစ်ကိုလည်း ကုန်သွယ်မှုဥပဒေအသစ်တွင် ထည့်သွင်းရေးဆွဲထားသည်။ အထက်ပါ အကြီးတန်းအရာရှိက“ အဓိကကုန်သွယ်မှု မှတ်ပုံတင်ခြင်းဆိုတာက လက်ရှိခွင့်ပြုဆောင်ရွက်နေတဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်၊ ကားအရောင်းပြခန်းဖွင့်လှစ်ခွင့်၊ လက်လီ/လက်ကားရောင်းချခွင့် မှတ်ပုံတင်အစရှိတာတွေကို ဥပဒေနဲ့အညီဖြစ်စေရေး ဥပဒေအတွင်းကို သွတ်သွင်းလိုက်တဲ့သဘောဖြစ်ပါတယ်။ အခုရှိနေတာတွေကို ပိုပြီးပွင့်လင်း မြင်သာမှုရှိတဲ့ မှတ်ပုံတင်စေတဲ့စနစ်ဖြစ်သွားမယ်။ ပို့ကုန်သွင်းကုန်လိုင်စင်တွေအတွက် အရင်ကလို ရုံးလုပ်ငန်းအဆင့်ဆင့်နဲ့ ရှုပ်ထွေးနေတာမျိုးမရှိအောင်လည်း အွန်လိုင်းစနစ်လုပ်နိုင်သွားမယ်” ဟုရောဝတီသို့ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ သဘောတူညီမှုရရှိထားသော နိုင်ငံများနှင့်ကုန်သွယ်မှုပြုလုပ်ရာတွင် အကောက်ခွန်ကင်းလွတ်ခွင့်/သက်သာခွင့်ရရှိမည့် ပင်ရင်းနိုင်ငံစည်းမျဉ်း (Rules of Origin )နဲ့ စည်းမျဉ်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့်သိနိုင်အောင် အသိပညာပေးရန်အတွက်လည်း အဆိုပါဥပဒေအသစ်တွင် ရေးဆွဲထားသည်။ လက်ရှိအချိန်တွင် လုပ်ငန်းများဆောင်ရွက်ရာ၌ ရုံးဌာနအဆင့်ဆင့်လုပ်ဆောင်နေရခြင်း၊ မူဝါဒနှင့်လိုင်စင်လျှောက်ထားမှုများတွင် လိုအပ်ချက်များကို အလွယ်တကူမသိရှိရကြောင့် အွန်လိုင်းစနစ်ဖြစ်ပေါ်လာပါက ကောင်းမွန်သည့်ကိစ္စရပ်ဖြစ်ကြောင်း ပြည်ပဆန်တင်ပို့သည့် လုပ်ငန်းရှင်တစ်ဦးဖြစ်သော ဦးသောင်းဝင်းကပြောသည်။ “အွန်လိုင်းစနစ်တွေ One Stop Service တွေ တကယ်ဖြစ်လာမယ်ဆိုရင် တကယ်ကောင်းမွန်တဲ့ကိစ္စတွေပါ”ဟုဆိုသည်။ နိုင်ငံတကာအဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် ရှုပ်ထွေးနေသော ရုံးလုပ်ငန်းအဆင့်ဆင့်များနှင့် တိကျခိုင်မာသောမူဝါဒများ မရှိခြင်းများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။

အလားတူ ဆန်ပို့ကုန်လုပ်ငန်းရှင် ဦးနေလင်းဇင်ကလည်း လက်ရှိအချိန်တွင် ပို့ကုန်သွင်းကုန်ဥပဒေအရ လုပ်ငန်းရှင်များ

သည် စီးပွားကူးသန်းမှ လိုင်စင်များလျှောက်ထားပြီးဖြစ်သော်လည်း ကုန်ပစ္စည်းများတင်ပို့တင်သွင်းရမည့် ဆိပ်ကမ်းများသို့ ရောက်ချိန်တွင်လည်း ပို့ကုန်သွင်းကုန် ပစ္စည်းများအလိုက် အထောက်အထားအများအပြားလိုအပ်မှုကိုလျှော့ချနိုင် မည့် One Stop Service ဝန်ဆောင်မှုစနစ်များပါဝင်လာရန်လိုအပ်ကြောင်း ဧရာဝတီသို့ပြောသည်။ "အသစ်ရေးဆွဲတာက ပိုကောင်းမယ်လို့ ယူဆပါတယ်။ လက်ရှိဥပဒေအရ အကန့်အသတ်က ပို့တာဖြစ်ဖြစ်၊ သွင်းတာဖြစ်ဖြစ် ကြိုတင်ခွန် ၂ ရာခိုင်နှုန်းဆောင်နေရတဲ့ ပြဿနာပေ့ါ အမှန်ကစီးပွားကူးသန်းနဲ့မဆိုင်ဘူး။ စီးပွား/ကူးသန်းက လိုင်စင်ထုတ်ပေးတာဖြစ်တဲ့အတွက် ဆိပ်ကမ်းမှာ အကောက်ခွန် ရှင်းလင်းရေးလုပ်တဲ့အခါ ဒီ ၂ ရာခိုင်နှုန်းကိစ္စက အခက်အခဲဖြစ်နေတာပေ့ါ။ နိုင်ငံတကာမှာဆိုရင် ပို့တဲ့သွင်းတဲ့ ကိစ္စကသက်သက် အခွန်ကဘဏ်ကနေတဆင့်သွားကြတာ" ဟု သူကပြောဆိုသည်။ အသစ်ရေးဆွဲနေသည့် ကုန်သွယ်မှုဥပဒေ သည် လက်ရှိပို့ကုန်သွင်းကုန်ဥပဒေထက် အမှန်တကယ်ပိုကောင်းနိုင်မည်လားဆိုသည်မှာ ဥပဒေထွက်ရှိလာမှသာ သိရှိနိုင်မည် ဖြစ်ကြောင်း ဦးနေလင်းဇင်ကဆိုသည်။

စီးပွား/ကူးသန်းဝန်ကြီးဌာနအနေဖြင့် ဥပဒေမူကြမ်းရေးဆွဲထားခြင်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစွာ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်အသင်းအဖွဲ့များ ၊ ပြည်ပကုန်သည်အဖွဲ့အစည်းများ(Foreign Chamber) နဲ့ သံရုံး များကို ချပြရှင်းလင်းပြီးရရှိလာသည့် အကြံပြုချက်နှင့်မေးခွန်းများကို အခြေခံကာဥပဒေမူကြမ်းအပေါ် ပြန်လည်သုံးသပ်လျက် ရှိကြောင်း၊ ပြန်လည်သုံးသပ်ပြင်ဆင်ပြီးပါက လုပ်ထုံးလုပ်နည်းနဲ့အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်ရယူပြီး အဆင့်ဆင့်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://burma.irrawaddy.com/news/2019/12/27/211616.html

## အိန္ဒိယတွင် မတ်ပဲဈေးမြင့်မားနေသဖြင့် ပြည်ပမှ ထပ်မံတင်သွင်းခွင့်ပြု

အိန္ဒိယနိုင်ငံတွင် မတ်ပဲဈေးနှုန်းကို ထိန်းချုပ်ရန်နှင့် ပြည်တွင်းဖူလုံမှုရှိစေရန်အတွက် လက်ရှိဘဏ္ဍာနှစ်အတွင်း ပဲခွဲစက် လုပ်ငန်းရှင်များအား ပြည်ပမှ မတ်ပဲတန်ချိန် (၄) သိန်းအထိတင်သွင်းရန် အစိုးရကခွင့်ပြုလိုက်သည်။ အစောပိုင်းက အိန္ဒိယ အစိုးရသည် ၂၀၂၀၊ မတ်လတွင် အဆုံးသတ်မည့် ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပမတ်ပဲကို တန်ချိန် (၁.၅) သိန်းသာ တင်သွင်းခွင့်ပြုခဲ့ရာမှ ယခုအခါ တန်ချိန် (၄) သိန်းအထိ တိုးပေးလိုက်ခြင်းဖြစ်သည်။ အိန္ဒိယတွင် မုတ်သုံရာသီအတွင်း မိုးသည်းထန်မှုနှင့် ရေကြီးမှုများဖြစ်ပွားခဲ့သည့်နောက် မိုးစိုက်ပဲ အပျက်အစီးရှိခဲ့သဖြင့် လွန်ခဲ့သော ၂ လအတွင်း မတ်ပဲဈေး များသည် ၂၀ % အထိ မြင့်တက်ခဲ့သည်။ အစိုးရပိုင် ဈေးနှုန်း အချက်အလက် ကောက်ယူရေးအဖွဲ့၏ စာရင်းအင်းများအရ မဟာသျှတ္တရပြည်နယ်၊ လတ္တာဈေးကွက်ရှိ မတ်ပဲလက်ကားဈေးနှုန်းသည် အောက်တိုဘာလဆန်းပိုင်းက တစ်ကီလိုဂရမ်လျှင် ၅၈ ရူပီးသာရှိခဲ့ရာမှ ယခုအခါ ၇၀ ရူပီးသို့မြင့်လာပြီး၊ လက်လီဈေးမှာလည်း တစ်ကီလိုဂရမ်လျှင် ၁၀၀ ရူပီးဈေးဖြစ်လာသည်။ ယင်းဈေးနှုန်းအရ မတ်ပဲပေါက်ဈေးသည် အစိုးရသတ်မှတ်သော အခြေခံဈေးထက် သိသာစွာမြင့်မားလျက်ရှိသည်။

မတ်ပဲလိုပင် ပဲစင်းငုံခွဲခြမ်း၊ ကုလားပဲနှင့်ပဲရာဇာတို့သည်လည်း ဈေးနှုန်းများမြင့်တက်နေ၍ လူလတ်တန်းစား စားသုံးသူများအခက်တွေ့လာရသည်။ "မတ်ပဲအများဆုံး စိုက်တဲ့ဒေသတွေမှာ မိုးဖျက်လို့သီးနံပျက်ခဲ့ရတဲ့အတွက် ပြီးခဲ့တဲ့ နှစ်လအတောအတွင်းမှာ မတ်ပဲဈေးတွေ အတော်လေးတောက်လျှောက်မြင့်လာပါတယ်။ မိုးတွင်းကာလမှာ ရေကြီးမှု တွေကြောင့်လည်း စိုက်ပျိုးဆဲ ပဲခင်းတွေပျက်စီးမှုတွေဖြစ်ခဲ့ပါတယ်" ဟု ပန်ချမ်းနိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်းကြီး၏ MD ဖြစ်ပြီး ပဲကုန်သည်နှင့်ပဲတင်သွင်းသူလည်းဖြစ်သော ဘီမယ်ကိုသရီကပြောကြားသည်။ သို့သော် လက်ရှိမြင့်မားနေသော မတ်ပဲအပါအဝင် ပဲဈေးနှုန်းများသည် ရှေ့လများအတွင်း ပြန်လည်ကျရိပ်သန်းလာတော့မည်ဟု ၎င်းကခန့်မှန်းထားသည်။ နောင်းမိုးလက်ကျန်ကြောင့် ယာခင်းများတွင် အစိုဓာတ်ကျန်ရှိနေပြီး ယင်းအချက်က ဆောင်းစိုက်ပဲကို အထွက်တိုးစေလိမ့် မည်ဟု ၎င်းက ပြောဆိုသည်။ သို့သော် ယခုနှစ် ဆောင်းစိုက် မတ်ပဲဧရိယာသည် လက်ရှိအချိန်ထိတွင် ဟက်တာ ၃.၈၈ သန်းသာရှိသေးသဖြင့် ယခင်နှစ်က စိုက်ဧရိယာဟက်တာ ၃.၉၆ သန်းနှင့်ယှဉ်ပါက လျော့နည်းနေသည်။

ပဲလုပ်ငန်းအသိုင်းအဝိုင်း၏ယူဆချက်အရ မဟာသျှတ္တရ၊ မဒ္ဒရာပရာဒေ့ရှ်နှင့် အခြားမတ်ပဲ အဓိကစိုက်ပျိုးသော ပြည်နယ် များတွင် ရေကြီးမှုကြောင့်ပျက်စီးခဲ့ရသော မတ်ပဲပမာဏမှာ ၂၀ % မျှရှိနေသည်။ လက်ရှိမတ်ပဲဈေးမြင့်မားနေမှုကို လျှော့ချရန်

အတွက် အစိုးရသည် ပြည်ပမတ်ပဲကို တန်ချိန် (၄) သိန်းအထိ တိုးမြှင့်တင်သွင်းရန်ခွင့်ပြုထားပြီဖြစ်သည်။ အစောပိုင်း တင်သွင်းခွင့်ခွဲတမ်းမှာ တန်ချိန် (၁.၅) သိန်း ဖြစ်၍ တင်သွင်းရန်ကျန်သော မတ်ပဲပမာဏမှာ တန်ချိန် (၂.၅) သိန်းဖြစ်သည်။ အိန္ဒိယအစိုးရသည် ပဲတင်သွင်းခွင့်ပမာဏကို တိုးမြှင့်ချထားပေးလိုက်သော်လည်း ၂၀၂၀၊ မတ်လကုန်ပိုင်းတွင် အပြီးသတ် တင်သွင်းနိုင်ရေးမှာ ဖြစ်နိုင်ခြေမရှိသောကြောင့် အချိန်ကာလထပ်တိုးသတ်မှတ်ရလိမ့်မည်ဟု ပဲလုပ်ငန်းအသင်းအဖွဲ့တစ်ခုမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောဆိုသည်။

**Source: Business Standard, Money Control**

https://www.facebook.com/gromaxxmyanmar/posts/446832162676760?__tn__=K-R

## ဘယ်လ်ဂျီယံနိုင်ငံတွင် Brexit ကြောင့် အလုပ်အကိုင်ဆုံးရှုံးမှုကို အန့်တ်ဝပ်၌ အများဆုံးခံရမည်

အီးယူမှ ဗြိတိန်ခွဲထွက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံတွင် ထိခိုက်မှုအများဆုံးဒေသမှာ အန့်တ်ဝပ်ဖြစ်လာမည်ဟု လျူဗန်းတက္ကသိုလ်နှင့် ဖလီးမစ်အစိုးရတို့၏ လေ့လာမှုအရ သိရှိရကြောင်း၊ ခက်ခဲသောဗြိတိန်ခွဲထွက်မှုကိစ္စရပ် (hard Brexit) သည် ဘယ်လ်ဂျီယံနိုင်ငံ၏ အလုပ်အကိုင်းပေါင်း (၄၂၀၀၀) ကိုထိခိုက်နိုင်ပြီး၊ အထူးသဖြင့် အစားအသောက်နှင့် အထည်အလိပ် လုပ်ငန်းများတွင်ဖြစ်ကြောင်း၊ ဖလန်းဒါးဒေသတွင် ခန့်မှန်းအလုပ်အကိုင် ပေါင်း (၂၈၀၀၀)၊ ဝေါလိုနီးယားဒေသတွင် အလုပ်အကိုင် (၁၀၀၀၀) ခန့်နှင့် ဘရပ်ဆဲလ်ဒေသ၌ အလုပ်အကိုင်ပေါင်း (၄၀၀၀) ခန့်ဆုံးရှုံးမှုဖြစ်ပေါ်နိုင်ကြောင်း ဘရပ်ဆဲလ် တိုင်းမ်သတင်းဌာန၏ ၁၆.၁၂.၂၀၁၉ နေ့တွင် သတင်းထုတ်ပြန်ချက်အရသိရှိရပါသည်။ စာရင်းများအရ အန့်တ်ဝပ် သည် ထိခိုက်မှုအများဆုံးခံရသည့်မြို့ ဖြစ်လာမည်ဖြစ်ပြီး၊ အလုပ်အကိုင်ပေါင်း (၇၉၀၀) ခန့်ကို ဆုံးရှုံးရမည်ဖြစ်ကြောင်း၊ အီးယူနှင့်ဗြိတိန်နိုင်ငံတို့အနေဖြင့် နီးကပ်သောဆက်ဆံမှုကို ထိန်းထားနိုင်ရေးဆုံးဖြတ်ခဲ့ပြီး ကုန်သွယ်ရေးအပိုင်းတွင် သဘော တူညီမှုရရှိခဲ့ပါက အလုပ်အကိုင်ပေါင်း (၆၀၀၀) ခန့် ဆုံးရှုံးမည့်အရေးမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါလေ့လာမှုအရ သိရှိရပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ စီးပွားရေးတစ်ခုလုံးအပေါ်တွင် သက်ရောက်နိုင်မှုကိုကြည့်လျှင် အနောက်ပိုင်း ဖလန်းဒါး ပြည်နယ်များသည် ထိခိုက်မှုအများဆုံး ခံရမည်ဖြစ်ကြောင်း၊ ၎င်းဒေသများတွင် အလုပ်အကိုင်ဆုံးရှုံးမှု၌ အန့်တ်ဝပ်ထက် လျော့နည်းသက်သာမည်ဖြစ်သော်လည်း ပိုမိုသေးငယ်သည့် ဒေသတွင်းစီးပွားရေးဖြစ်သဖြင့် ဗြိတိန်ခွဲထွက်မှု၏ သက်ရောက်မှု ကို ပိုမို၍ ခံစားရလိမ့်မည်ဖြစ်ကြောင်း၊ ဖလန်းဒါးအနောက်ပိုင်းတွင် hard Brexit ဖြစ်ပေါ်ခဲ့ပါကအလုပ်အကိုင် ၁.၃ ရာခိုင်နှုန်းခန့် ဆုံးရှုံးမည့် အခြေအနေရှိနေကြောင်း သုတေသီများ၏ အဆိုအရ သိရှိရပါသည်။ ဘယ်လ်ဂျီယံနိုင်ငံသည် ၎င်း၏ စီးပွားရေး အရွယ်အစားကြောင့် အီးယူ၌ ဗြိတိန်ခွဲထွက်မှု၏ သက်ရောက်မှုကို အဆိုးရွားဆုံးခံရနိုင်သည့် နိုင်ငံများတွင်ပါဝင်ကြောင်း၊ ဗြိတိန်ခွဲထွက်မှုကိစ္စရပ်အနေဖြင့် မည်သို့ပင်ခွဲထွက် ခဲ့သည်ဖြစ်စေ ဘယ်လ်ဂျီယံနိုင်ငံသည် ကဏ္ဍများစွာအတွက် သက်ရောက်မှု အများဆုံးခံရသည့် ထိပ်ဆုံးသုံးနိုင်ငံတွင် ပါဝင်လာမည်ဖြစ်ကြောင်း သုတေသီများက ပြောကြားထားပါသည်။ ဗြိတိန်နိုင်ငံ အနေဖြင့် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် အီးယူမှထွက်ခွာနိုင်ရေး တရားဝင်အစီအစဉ်ချမှတ်ထားပြီး၊ ခွဲထွက်ပြီး နောက်ပိုင်း တွင် အီးယူ (၂၇) နိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်ရရှိရေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဗြိတိန်ခွဲထွက်မှု သဘော တူညီချက်မရရှိခဲ့ပါက ခက်ခဲသောဗြိတိန်ခွဲထွက်မှု (hard Brexit) ဖြစ်ပေါ်လာနိုင်ပြီး၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့စည်းမျဉ်းများ အရ အကောက်ခွန်နှုန်းထားများမှာ ဗြိတိန်နှင့်အီးယူအကြား အလိုအလျောက်အသက်ဝင်လာမည်ဖြစ်ကြောင်း အဆိုပါ သတင်း က ဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## အီးယူ၏ ပဲပိစပ်တင်သွင်းမှုကို လျှော့ချသင့်ကြောင်း လယ်ယာစိုက်ပျိုးရေး ကော်မရှင်နာပြောကြား

အီးယူအနေဖြင့် ဥရောပ၌ ပရိုတင်းထုတ်လုပ်မှုအပိုင်းကို ထောက်ပံ့ပေးခြင်းဖြင့် တတိယနိုင်ငံများမှ ပဲပိစပ်တင်သွင်းမှုကို တဖြည်းဖြည်းချင်းလျှော့ချသည့် လမ်းကြောင်းသို့ ဦးတည်ဆောင်ရွက်သင့်ကြောင်း အီးယူ၏ လယ်ယာစိုက်ပျိုးရေးကော်မရှင်နာဖြစ်သူ Janusz Wojclechowskl က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။ အီးယူ၏ အစားအသောက်ဆိုင်ရာ မူဝါဒအသစ် (Farm to Fork Strategy-F2F)နှင့်အညီ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ (သို့မဟုတ်)

စားသောက်ကုန်များ၏ ခရီးဝေးသယ်ယူပို့ဆောင်မှုအပိုင်းကို လျှော့ချရေးကိစ္စရပ်ကို ဖြေရှင်းနိုင်ရေးနှင့်စပ်လည်း၍ အမေရိက နိုင်ငံများမှ ပဲပိစပ်တင်သွင်းမှုကို ၎င်းက ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဥရောပကော်မရှင်ဥက္ကဋ္ဌသစ်ဖြစ်သူ Ursula von der Leyen လက်ထပ်တွင် ချမှတ်ထားသည့် ဥရောပ၏ အစိမ်းရောင်အစီအစဉ် (European Green Deal) အရ F2F ၏ အဓိကမူဝါဒတစ်ရပ်မှာ လယ်ယာထွက်စားသောက်ကုန် ထုတ်လုပ်မှုကွင်းဆက်ကို အတတ်နိုင်ဆုံး တိုတောင်းစေရေး ဖြစ်ကြောင်း၊ ယင်းတွင် တိရိစ္ဆာန်များနှင့် အစားအစာကုန်စည်များအတွက် ခရီးကွာဝေးသော သယ်ယူပို့ဆောင်မှုကို အစားထိုး ဆောင်ရွက်ရေး ရည်မှန်းချက်ထားသည့် စီမံကိန်းများအတွက် အထောက်အပံ့ပေးမှုလည်းပါဝင်ကြောင်းသိရှိရပါသည်။ ပဲပိစပ်တင်သွင်းမှုနှင့်ပတ်သက်၍ အီးယူအနေဖြင့် အဆိုပါတင်သွင်းမှုလျှော့ချရေးလမ်းကြောင်းသို့ ဦးတည်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် အီးယူ၏ဘုံစိုက်ပျိုးရေးမူဝါဒအသစ်အရလည်း ယင်းသို့ဆောင်ရွက်နိုင်မည့်အခြေအနေရှိကြောင်း၊ သို့ရာတွင် အဆိုပါကိစ္စရပ်ကို နေ့ချင်းညချင်း ပြောင်းလဲဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ပဲပိစပ်တင်သွင်းမှုကို စနစ်တကျ လျှော့ချ နိုင်မည်ဖြစ်ပြီး၊ အီးယူဒေသတွင်း၌ တိရစ္ဆာန်အစားအစာထုတ်လုပ်မှုအပိုင်းကို မြှင့်တင်ခြင်းဖြင့်လည်း ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ ကိုယ်ပိုင်တိရိစ္ဆာန်များကို မွေးမြူထိန်းသိမ်း၍ ၎င်းတို့၏ တိရိစ္ဆာန်များအတွက် ကိုယ်ပိုင်စိုက်ခင်းများမှ ထုတ်လုပ် သည့် အစားအစာများကို အသုံးပြုသည့် အီးယူလယ်သမားများအတွက် အထောက်အပံ့ပေးအပ်ရေးမှာ အရေးပါကြောင်းနှင့် ယင်းမှာ ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်အတွက်လည်းကောင်းမွန်ကြောင်း၊ ပဲပိစပ်လျှော့ချတင်သွင်းမှုသည် အချိန်ယူ၍ အဖြည်းဖြည်းချင်း ဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်ပြီး၊ တင်သွင်းမှုကို ယခုချက်ချင်း ပိတ်ပင်သွားမည်မဟုတ်ကြောင်း လယ်ယာ စိုက်ပျိုးရေးကော်မရှင်နာက ပြောကြားခဲ့သည်ဟုသိရှိရပါသည်။ သို့ရာတွင် ပဲပိစပ်တင်သွင်းမှုလျှော့ချရေးသည် ယခင် ဥရောပ ကော်မရှင်ကချမှတ်ထားသည့် ကုန်သွယ်ရေးမူဝါဒနှင့်ကွဲပြားမှုရှိနေကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ယခင် ဥရောပကော်မရှင် ၏ ဥက္ကဋ္ဌဖြစ်သူ Jean-Claude Juncker က သံမဏိနှင့် အလူမီနီယံများအပေါ် အခွန်ကောက်ခံမှုကိစ္စရပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်မည့် အလားအလာကို တည်ငြိမ်စေရန်အတွက် အမေရိကန်နိုင်ငံမှ ပဲပိစပ်များတင်သွင်းရန် သဘောတူခဲ့ခြင်း ဖြစ်ကြောင်း၊ အကျိုးဆက်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၉ ခုနှစ်၊ ဧပြီလလယ်အထိ အမေရိကန်နိုင်ငံမှ ပဲပိစပ် တင်သွင်းမှုသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၂၁ ရာခိုင်နှုန်းဖြင့် တိုးတက်လာခဲ့ပြီး၊ တင်သွင်းမှု ဈေးကွက်ဝေစု ၇၂ ရာခိုင်နှုန်းဖြင့် အမေရိကန်နိုင်ငံသည် အီးယူသို့ ပဲပိစပ်အများဆုံး တင်သွင်းသူဖြစ်လာခဲ့ကြောင်းသိရှိရပါသည်။ ယခုနှစ် အစပိုင်းတွင် တရုတ်နိုင်ငံနှင့်ကုန်သွယ်ရေးတင်းမာမှုကြောင့် တရုတ်နိုင်ငံသို့ ပဲပိစပ်တင်ပို့မှုကျဆင်းခဲ့သည့် အမေရိကန်နိုင်ငံမှ ဇီဝလောင်စာ ထုတ်လုပ်မှုအတွက် ပဲပိစပ်များအား အီးယူသို့တင်သွင်းမှုကို ဥရောပကော်မရှင်ကခွင့်ပြုခဲ့ကြောင်း၊ ပဲပိစပ်သည် Mercosur နိုင်ငံများမှ အီးယူသို့အများဆုံးတင်ပို့သည့်ကုန်စည်များအနက်တစ်ခုဖြစ်ပြီး၊ တောင်အမေရိကနိုင်ငံများဖြစ်သည့် Mercosur နိုင်ငံများနှင့်အီးယူတို့အကြား လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်တွင် အဓိကကျသော သဘောတူညီမှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ရပ်လည်းဖြစ်ကြောင်း၊ အီးယူသို့ Mercosur နိုင်ငံများမှ တင်ပို့သည့် ပဲပိစပ်ထုတ်ကုန်များတင်ပို့မှု အပေါ် လက်ရှိချမှတ်ထားသည့် အခွန်များကိုလျှော့ချခြင်း (သို့မဟုတ်) ဖယ်ရှားပေးခြင်းများပြုလုပ်သွားရန်မျှော်လင့် ထားသည် ဟု ဥရောပကော်မရှင်၏ အရာရှိမှပြောကြားခဲ့ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

# STOCK EXCHANGE (30.12.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 30th Dec. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | -500 | -4.35% | 11,500 | 11,500 | 11,000 | 508 | 5,609,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,850 | 3,850 | 3,800 | 3,134 | 12,057,900 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 29 | 237,800 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +500 | +2.22% | 22,500 | 23,000 | 22,500 | 174 | 3,977,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 12,823,224 | 37,187 |


## Market summary

As of 30th Dec. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 458.22 | -9.00 | -1.93% | 467.22 | 467.22 | 455.90 | 3,845 | 21,881,700 | 5 | 627,449 |

### Index chart




## Market Overview

As of 1:00 pm, 30th Dec. 2019

| MYANPIX | 458.22 ▼ 9.00 |
|---|---|
| Total Volume (shares) | 3,845 |
| Total Value (MMK) | 22 mil |
| Listed Company | 5 |
| Market Cap. (MMK) | 627,449 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▼ 500 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,900 | ▲ 0 |